## MSTU(STANKIN) နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားမည့် နိုင်ငံခြားကျောင်းသားများအတွက် ရုရှားရှားဖက်ဒရေးရှင်းနိုင်ငံသို့ပြည်ဝင်ခွင့်ဆိုင်ရာ Invitation Form ဖြည့်စွက်မှု ညွှန်ကြားချက်

နိုင်ငံခြားကျောင်းသားများအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်းသို့ဝင်ရောက် ပညာသင်ကြားရန် ဖိတ်ခေါ်ရန်(Invitation ပို့ရန်) အလို့ငှာ ( ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်းရှိ နိုင်ငံခြားသားများမူဝါဒဆိုင်ရာ ၂၀၀၂ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ထုတ် အမိန့်အမှတ် 115-Ф3 ) အရ သက်ဆိုင်ရာကျောင်းဖြစ်သော MSTU(STANKIN) နည်းပညာတက္ကသိုလ်မှတဆင့် MDFMA «Main Directorate For Migration Affairs (Russia)» သို့ မှတ်ပုံတင်ရမည်ဖြစ်ပါသည်။ Invitation ရရှိမှသာလျှင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှထုတ်ပေးမည့် ပြည်ဝင်ခွင့် Visa ရရှိနိုင်မည်ဖြစ်ပါသည်။

တက္ကသိုလ်ဝင်ခွင့်ဖြေဆိုမယ့်သူ (သို့မဟုတ်) ၎င်းကိုယ်စား လျှောက်ထားသူ၏ ကြိုတင်လျှောက်လွှာ ပမာဏပေါ်မူတည်၍ နိုင်ငံခြားသားဖိတ်ခေါ်မှုဆိုင်ရာ Invitation ရရှိမည်ဖြစ်ပါသည်။

Invitation လျှောက်ထားရန်အတွက် လျှောက်ထားမည့်သူဟာ တက္ကသိုလ် e-mail လိပ်စာဖြစ်သော inter@stankin.ru (သို့မဟုတ်) ဖုန်းနံပါတ် +7(499) 973-39-66 သို့ဆက်သွယ်အကြောင်းကြားရန်လိုအပ်မည်။ သို့မဟုတ်ပါက ၎င်းလျှောက်ထားမည့်သူ၏ ကိုယ်စားလှယ်ကိုယ်တိုင် တက္ကသိုလ်နိုင်ငံခြားကျောင်းသားရေးရာ ဌာနရှိရာ ( မော်စကိုမြို့ Vadkovsky လမ်း၊ တိုက်အမှတ် ၁၊ ရုံးခန်းအမှတ် ၀၁၁၄) သို့ လာရောက်ဆက်သွယ် ဆွေးနွေးရမည်ဖြစ်ပါသည်။

ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ရန် အောက်ဖော်ပြပါအချက်အလတ်များ တင်ပြဆွေးနွေးရန်လိုအပ်သည်-

- လျှောက်ထားသူအမြဲတမ်းနေထိုင်သည့်နိုင်ငံ
- လျှောက်ထားသူမှာရရှိထားသော ပညာရေးဘွဲ့
- တက္ကသိုလ်မှာ သင်ကြားလိုတော့ Program
- အကြိုလေ့လာသင်ကြားမှုမဖြစ်မနေလိုအပ်မှု ရှိ/မရှိ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်းသို့ပြည်ဝင်ခွင့် Invitation ထုတ်ပေးမှုဆိုင်ရာလုပ်ငန်းအစီစဉ်

နိုင်ငံသား Passport မိတ္တူ နှင့် စစ်တမ်းမေးခွန်းလွှာ ကိုယ်ရေးဖိုင် Questionnaire ကို မဖြစ်မနေ ဖြည့်စွက်ရမည် (စာအမှတ်-၁)

ဖြည့်စွက်ပြီးသား ကိုယ်ရေးဖိုင် နှင့် နိုင်ငံသားPassport မိတ္တူ တို့အား တက္ကသိုလ်နိုင်ငံခြားကျောင်းသားရေးရာဌာန inter@stankin.ru သို့ ပို့ပေးရမည်ဖြစ်သည်

နိုင်ငံခြားကျောင်းသားရေးရာဌာနမှ အတည်ပြုခွင့်ပြုကြောင်း လက်ခံရရှိကြောင်း အကြောင်းကြားစာရရှိပြီး ၅ ပတ် ၆ ပတ် အတွင်း Invitation ထုတ်ပေးမည်ဖြစ်သည်။

လျှောက်ထားမှုမှာပါဝင်သော E-mail လိပ်စာ အချက်အလတ်အတိုင်း Invitation ကို ပို့ပေးသွားမည်ဖြစ်သည်

Invitation ရရှိပြီးသည့်အခါ လျှောက်ထားသူနိုင်ငံသားကိုယ်တိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ နိုင်ငံခြားရေးရာ ဌာန(သံရုံး) သို့ ကိုယ်တိုင်သွားရောက် Visa လျှောက်တင်ရမည်ဖြစ်ပါသည်



*သတိပြုရန်။ ။ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ဝင်ရောက်မည့် နိုင်ငံသား Passport တွင် အနည်းဆုံး ၁၈ လ ရှိရမည်ဖြစ်သည်*

**နိုင်ငံသားလက်မှတ် Passport မိတ္တူအား အောက်ဖော်ပြပါအတိုင်းပေးပို့ပေးရန်**

- Image Scale 100% ရှိရမည်
- မိတ္တူပုံသည်ရှင်းလင်းပြတ်သားရမည်၊ အလင်းပြန်နေသော Glare များ/ အမည်းစက်များမပါရ
- အဖြူအမည်းကာလမိတ္တူအနေဖြင့်ပို့ပေးရမည်။



တက္ကသိုလ် Invitation အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်းသို့ရောက်ရှိလာပြီးလာပြီး
သည့်အချိန်တွင် တက္ကသိုလ်ကျောင်းသားရေးရာဌာနသို့ မဖြစ်မနေသတင်းပို့ပြီး
လိုအပ်သောစာရွက်စာတမ်းများဖြည့်စွတ်ခြင်းများ ချက်ချင်းပြုလုပ်ရမည်ဖြစ်ပါသည်။